Finish

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏

# ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

၂၀၁၄ ခုနှစ် ၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ

( ၂၀၁၄ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂ ။ )

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင် အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ဟုခေါ်တွင် စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄–၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

တိုင်းဒေသကြီးအစိုးရအဖွဲ့၊
တိုင်းဒေသကြီးလွှတ်တော်၊
တိုင်းဒေသကြီးတရားလွှတ်တော်၊
တိုင်းဒေသကြီးဥပဒေချုပ်၊
တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊
တိုင်းဒေသကြီးဝန်ကြီးဌာနများ၊
တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာ ရန်ပုံငွေသို့ပေးသွင်း ၍ထုတ်ပေးရန်ရှိသောသုံးငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့်စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃)နှင့်(၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များသည်ရငွေများကိုစီမံကြီးကြပ်ကောက်ခံရာတွင်ဤဥပဒေအရ လျာထားသော ရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်း များကိုအမှန်စာရင်းများတွင်လည်းကောင်းထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့် အညီရသင့်ရထိုက်သောအခွန်ငွေများ အပြည့်အဝရရှိစေ ရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ နှင့် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်း များကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ဂ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်းလိုအပ်သည့်ငွေကိုထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကိုစီးပွားရေးဆန်ဆန် တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား(၅)နှင့်(၆)တို့တွင် ဖော်ပြထားသည့်ငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်ဇယား(၅)နှင့်(၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကိုစီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ် ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား(၅) နှင့် (၆)တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်း နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄ – ၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ နောက်ပိုင်းမှ ဖြစ်ပေါ်လာသောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်း ဖော်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဝန်ကြီးချုပ်

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့

# တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ယေား(၁)

(ကျပ်သန်းပေါင်း)

| စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ဗဟိုအဖွဲ့အစည်းများ | | | | | | | | | | |
| | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၄၉၃၆.၈၉၂ | | | ၅၅၀၀.၀၀၀ | | | |
| | ၂ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | | | ၂.၀၀၀ | | | | | | |
| | ၃ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်<br>သို့မဟုတ်<br>တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၂၃၇ | | | | | | |
| | | ပေါင်း | | | | ၁၄၉၃၉.၁၂၉ | | | ၅၅၀၀.၀၀၀ | | | |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ဗဟိုအဖွဲ့အစည်းများ | | | | | | | | |
| ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၃၇၂.၇၃၄ | | ၅၄၀၀.၀၀၀ | ၃၁၈၉၈.၈၃၀ | | | |
| ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၄၈.၅၃၆ | | | | | | |
| ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၀၄.၅၀၀ | | | | | | |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၉၁၂.၂၀၂ | | | ၄၆၄.၉၈၇ | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၇၉၈.၀၀၀ | | | ၄၀.၀၀၀ | | | |
| | ပေါင်း | | ၄၆၃၅.၉၇၂ | | ၅၄၀၀.၀၀၀ | ၃၂၄၀၃.၈၁၇ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၄၄၀ . ၅၀၁ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၄၄၀ . ၅၀၁ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | ၆၂၀ . ၂၂၃ | | | | | | | | |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၁၄ . ၉၂၄ | | | | | | | | |
| | ၂ | ကာတာပံခွန် | | ၁ . ၄၀၂ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁၁ . ၁၆၀ | | | | | | | | |
| | ၄ | ငါးလုပ်ငန်းပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂၀ . ၀၃၇ | | | | | | | | |
| | ၅ | အင်းဆိုင်ခွန် | | ၄၇၁ . ၀၁၂ | | | | | | | | |
| ၃ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၄င်း | ၁၄၅၃၂ . ၆၀၆ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၅၄၂၉ . ၇၀၁ | | | | | | | | |
| | ၂ | ဘီးခွန် | | ၉၁၀၂ . ၀၂၅ | | | | | | | | |
| ၄ | | တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၄င်း | | ၆၅ . ၄၀၆ | | | | | | | |

## တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ယေား(၃)။ ။ အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၇.၃၀၁ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | | | | ၁၅.၈၁၄ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | | | | ၀.၀၈၇ | | | | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၁.၄၀၀ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၁၅.၁၄၅ | | | | | | |
| | ၁ | သမဝါယမ ဦးစီးဌာန | | | | ၉.၆၄၅ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | | | ၅.၅၀၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်း | ၎င်း | | | ၈၇.၀၅၄ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၈၃.၀၅၄ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၄.၀၀၀ | | | | | | |
| ၈ | | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | ၂၀၅.၉၈၅ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁၇၄.၂၂၅ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | | | | ၃၁.၇၆၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | | | ၈၅.၃၉၁ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၈၅.၃၉၁ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၁၁.၃၉၃ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁၁.၃၉၃ | | | | | | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။ အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | | | ၅၃၄၇၃ . ၉၀၉ | | ၄၅၀၂ . ၉၃၄ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | | | | | | | ၅၃၄၇၃ . ၉၀၉ | | ၄၅၀၂ . ၉၃၄ | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၄င်း | | | ၀ . ၁၀၀ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀ . ၁၀၀ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၄င်း | | | ၂၁ . ၁၁၆ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန | | | | ၁၇ . ၇၁၆ | | | | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၃ . ၄၀၀ | | | | | | |
| ၁၄ | | အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၄င်း | | | ၀ . ၀၀၂ | | | | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | | | ၀ . ၀၀၂ | | | | | | |
| ၁၅ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၄င်း | | | ၁၃၄၄၇၅ . ၉၀၄ | | ၀၀၆၇၆ . ၉၀၄ | | | ၄၂၁၀ . ၀၀၀ | |
| ၁၆ | | စည်ပင်သာယာရေးအဖွဲ့များ | ၄င်း | | | ၃၄၂၄ . ၄၃၅ | | | | | | |
| | | ပေါင်း | | ၁၇၆၀၉ . ၄၁၀ | ၆၅ . ၄၀၆ | ၁၃၀၃၄၃ . ၉၀၆ | | ၀၀၆၇၆ . ၉၀၄ | ၅၃၄၇၃ . ၉၀၉ | | ၈၇၁၂ . ၉၃၄ | |

# တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇၈၃၈.၄၆၁ | | ၁၄.၅၀၀ | ၁၀၃၃.၂၈၀ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | | ၆၂၄၅.၆၃၇ | | ၁၄.၅၀၀ | ၁၀.၅၃၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန | | ၃၁၉.၀၇၉ | | | ၂.၀၀၀ | | | |
| | ၃ | မီးသတ်ဦးစီးဌာန | | ၁၂၇၃.၇၄၅ | | | ၁၀၂၀.၇၅၀ | | | |
| ၂ | | သမဝါယမ | ၎င်း | ၁၃၀၄.၀၆၉ | | | ၂.၀၀၀ | | | |
| | ၁ | သမဝါယမ ဦးစီးဌာန | | ၁၂၄၅.၁၆၆ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန | | ၅၈.၉၀၃ | | | ၂.၀၀၀ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်း | ၎င်း | ၁၀၃၁.၂၆၀ | | | ၀.၉၄၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၈၄၀.၂၀၆ | | | ၀.၆၅၀ | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၉၁.၀၅၄ | | | ၀.၂၉၀ | | | |
| ၄ | | မွေးမြူရေး၊ရေလုပ်ငန်း နှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၈၀၁.၀၃၇ | | | ၃၂.၀၀၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၄၁၂.၄၉၁ | | | ၃၂.၀၀၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန | | ၃၈၈.၅၄၆ | | | | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၎င်း | ၉၁၃.၉၂၂ | | | ၁၆၈.၆၄၄ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၈၆၄.၂၀၄ | | | ၆၂.၆၄၄ | | | |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၄၉.၆၃၀ | | | ၁၀၆.၀၀၀ | | | |
| ၆ | | အားကစား | ၎င်း | ၂၃၀.၀၉၇ | | | ၇၀၀.၀၀၀ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၃၀.၀၉၇ | | | ၇၀၀.၀၀၀ | | | |

တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၇ | | ဘဏ္ဍာရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် | ၅၄ · ၇၉၁ | | | ၂၇ · ၅၇၀ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန | သို့မဟုတ်<br>တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၅၄ · ၇၉၁ | | | ၂၇ · ၅၇၀ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၆၀၇ · ၃၀၀ | | | ၁၃၀ · ၅၃၀ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၀၇ · ၃၀၀ | | | ၁၃၀ · ၅၃၀ | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၈၅၁၉ · ၅၅၅ | | | ၁၃၉၇၅ · ၉၆၁ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန | | ၁၂၈၂ · ၅၂၅ | | | ၆၄၇ · ၉၂၃ | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၇၂၃၇ · ၀၃၀ | | | ၁၃၃၂၈ · ၀၃၈ | | | |
| ၁၀ | | အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | ၎င်း | ၄၁ · ၉၁၀ | | | ၀ · ၆၇၀ | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချ ကော်မတီရုံး | | ၄၁ · ၉၁၀ | | | ၀ · ၆၇၀ | | | |
| ၁၁ | | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၎င်း | ၆၉၄၁၂ · ၀၄၄ | ၁၅ · ၅၀၂ | | ၁၆၇၆၆၄ · ၄၀၇ | | ၁၇၁ · ၇၆၆ | ၇၀၀ · ၀၀၀ |
| ၁၂ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၁၀၀ · ၆၅၉ | | | ၁၆၇၇ · ၆၀၅ | | | |
| | | ပေါင်း | | ၉၃၇၄၃ · ၉၀၁ | ၁၅ · ၅၀၂ | ၁၄ · ၅၀၀ | ၁၀၆၂၃၁ · ၄၅၅ | | ၁၇၁ · ၇၆၆ | ၇၀၀ · ၀၀၀ |

# တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ယေား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှရငွေ | ကြွေးမြီ: ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | | | ၂၇၂.၀၆၄ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၇၂.၀၆၄ | | | | | | |
| ၂ | | သတ္တုတွင်း | ၄င်း | | | ၁၃၃.၄၄၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၁၃၃.၄၄၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | | | ၂၀၅၆၆.၅၃၇ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၂၀၅၆၆.၅၃၇ | | | | | | |
| | | ပေါင်း | | | | ၂၀၉၇၂.၀၄၁ | | | | | | |

## တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ယေား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၂၆၇.၇၁၄ | | | ၁.၀၀၀ | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၆၇.၇၁၄ | | | ၁.၀၀၀ | | | |
| ၂ | | သတ္တုတွင်း | ၄င်း | ၁၂၅.၅၇၆ | | | ၁.၇၂၃ | | | |
| | ၁ | မြန်မာ့ဆားနှင့် အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၁၂၅.၅၇၆ | | | ၁.၇၂၃ | | | |
| ၃ | | ဆောက်လုပ်ရေး | ၄င်း | ၂၀၅၄၄.၇၉၃ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၂၀၅၄၄.၇၉၃ | | | | | | |
| | | ပေါင်း | | ၂၀၉၃၈.၀၈၃ | | | ၂.၇၂၃ | | | |